GGI

INSURANCE • အာမခံ

## မြန်မာနိုင်ငံတွင် **Grand Guardian Life Insurance** မှ စာသင်သားအသက်အာမခံကို  စတင်မိတ်ဆက်ခြင်း

- မြန်မာနိုင်ငံ၏ ပထမဆုံး နှင့် တစ်ခုတည်းသော အသက် ၁၂နှစ်အောက် ကလေးငယ်များအတွက် အသက်အာမခံ

ရန်ကုန် ၊ မြန်မာ ၊ ၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၁ရက်နေ့။ ။ Grand Guardian Life Insurance Company Limited (“GGLI”) မှ စာသင်သားအသက်အာမခံ ဟုခေါ်တွင်သော အာမခံသစ်ကို မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်ခဲ့ပါသည်။ စာသင်သားအသက်အာမခံသည် သားသမီးများ၏ အနာဂတ်ကို ပညာရေးဖြင့် စိတ်ချသေချာလိုသည့် မိဘတိုင်းအား စိတ်အေးချမ်းမှု ပေးရန် ရည်ရွယ်ထားပါသည်။

စာသင်သားအသက်အာမခံသည် အာမခံထားသူ(ကလေး)၏ ပညာရေးစရိတ်အတွက် ကလေးအသက်(၁၇)နှစ် ပြည့်သည့်အချိန်မှစ၍ တစ်နှစ်တစ်ကြိမ်ကျစီဖြင့် အာမခံအကျိုးခံစားခွင့်ကို ၄နှစ် ပေးအပ်သွားမည်ဖြစ်သောကြောင့် ငွေကြေးအတွက် စိတ်ချ လခြုံမှု ရရှိစေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အသက်(၁၂)နှစ်အောက် ကလေးငယ်များအတွက် တစ်ခုတည်းသော အသက်အာမခံအမျိုးအစား ဖြစ်ပါသည်။ ပေးသွင်းရသည့် အာမခံကြေးတွင် အာမခံထားသူ(ကလေး) အတွက် ‘အာမခံအကာအကွယ်’ နှင့် ‘အာမခံဝယ်ယူသူ၏အသက်ဆုံးရှုံးခြင်း (သို့) ထာဝစဉ် မသန်စွမ်းဖြစ်ခြင်း တို့ကြောင့် ခံစားခွင့်ပေးမည့် ပရီမီယံကင်းလွတ်ခွင့်’ တို့အတွက် ပါဝင်ပြီး ဖြစ်ပါသည်။

အာမခံဝယ်ယူသူ(မိခင်/ဖခင်) မရှိတော့လျှင်ဖြစ်စေ၊ ထာဝစဉ်မသန်စွမ်းဖြစ်ခဲ့လျှင်ဖြစ်စေ အာမခံကြေးကို ဆက်လက်ပေးသွင်းရန် မလိုအပ်တော့ပါ။ ယင်းကဲ့သို့သော မကြုံတွေ့လိုသည့်ဖြစ်ရပ်များကို ကြုံတွေ့ခဲ့ရလျှင်လည်း အာမခံထားသူ(ကလေး)သည် စာသင်သားအသက်အာမခံက ပေးရန်ကတိပြုထားသည့် အကျိုးခံစားခွင့်များဖြင့် တက္ကသိုလ်ပညာကဆက်လက်သင်ယူနိုင်မည်ဖြစ်ပါသည်။

စာသင်သားအသက်အာမခံတွင် အာမခံကြေးပေးသွင်းရသည့် သက်တမ်းသည် (၅)နှစ် မှ (၁၆)နှစ်သာ ဖြစ်ခြင်းကြောင့် အာမခံဝယ်ယူသူ(မိခင်/ဖခင်)များအနေဖြင့်လည်း ဘဏ္ဍာရေး အခြေအနေကို ကောင်းမွန်စွာစီမံနိုင်မည်ဖြစ်ပါသည်။ ၄-နှစ် ရရှိခံစားရမည့် အာမခံအကျိုးခံစားခွင့်ကို အာမခံထားသူ(ကလေး)၏ အသက်(၁၇)နှစ်မှစတင်၍ (၂၀)နှစ်အရွယ်အထိ ကလေးအတွက် လိုအပ်မည်ဖြစ်သော တက္ကသိုလ်ပညာရေး စရိတ်အဖြစ် အသုံးပြုနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကလေးငယ်များအတွက် ငွေစုဆောင်းခြင်းသဘောတရား ပါဝင်သည့် အာမခံအကာအကွယ် မရှိသေးသည့်အတွက် သားသမီး(၁)လသားအရွယ်မှစပြီး ငွေစတင်စုဆောင်ရင်း ၎င်းတို့အတွက် အသက်အာမခံ အကာအကွယ်ပါ ရယူနိုင်အောင် စာသင်သားအသက်အာမခံကို စီစဉ်ရေးဆွဲထားခြင်း ဖြစ်ပါသည်။

"ပညာရေးဆိုတာ မျိုးဆက်သစ်တွေအတွက် ပိုမိုတောက်ပတဲ့အနာဂတ်ဖြစ်စေဖို့ အဓိကကျတဲ့အရာပါ။ သားသမီးတွေရဲ့ အဆင့်မြင့်ပညာရေးစရိတ်အတွက် စနစ်တကျ နဲ့ လုံခြုံ စိတ်ချစွာ ငွေစုဆောင်းနိုင်မည့်စနစ်ကို မြန်မာနိုင်ငံကမိဘတွေဆီ စာသင်သားအသက်အာမခံက ပေးအပ်နေပါပြီ၊ တပြိုင်နက်တည်း ကလေးငယ်တွေအတွက် အသက်အာမခံ အကာအကွယ်ကိုလည်းရရှိခံစားနိုင်မှာပါ၊ မိဘတွေအနေနဲ့က သားသမီးတွေကို သူတို့အစွမ်းရှိသလောက် တက်လှမ်း နိုင်ဖို့အတွက် အကောင်းဆုံးပြင်ဆင်ပေးထားနိုင်ပြီ ဆိုရင် စိတ်အေးချမ်းနိုင်ပြီ"ဟု GGLI ၏ အမှုဆောင်အရာရှိချုပ် မစွတာ တန်ယောင်ဟောက် မှ ပြောကြားခဲ့ပါသည်။

စာသင်သားအသက်အာမခံကို ဂျပန်နိုင်ငံ Nippon Life Insurance Company ("Nippon Life")၏ အကူအညီဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၉ခုနှစ်၊ ဇွန်လတွင် GGLI သည် Nippon Life နှင့် ၎င်းတို့မှ GGLI တွင် ရှယ်ယာ၃၅% ထည့်ဝင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ဖက်စပ်ကုမ္ပဏီအဖြစ် ပူးပေါင်းခြင်းကို ပဏာမသဘောတူ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကာ ပူးပေါင်းဆောင်ရွက်ခွင့်ရရှိရန်အတွက် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့သို့ Request for Proposal (RFP) တင်ပြထားပြီး ဖြစ်ပါသည်။

အာမခံလုပ်ငန်းသက်တမ်း နှစ်ပေါင်း (၁၃၀) သမိုင်းရှိပြီဖြစ်သော Nippon Life သည် ဂျပန်နိုင်ငံ၏ အကြီးမားဆုံးသော အသက်အာမခံ ကုမ္ပဏီများထဲမှ တစ်ခုဖြစ်ပါသည်။ Nippon Life ၏ အသက်အာမခံလုပ်ငန်း အတွေ့အကြုံ ကြွယ်ဝမှု နှင့် GGLI ၏ ပြည်တွင်းဈေးကွက်အနေအထား ကျွမ်းကျင်မှုတို့ ပေါင်းစပ်ပြီး Grand Guardian Nippon Life Insurance မှ မြန်မာပြည်သူများထံသို့ အကောင်းဆုံးသော အသက်အာမခံအမျိုးအစားများ နှင့် ဝန်ဆောင်မှုများ ယူဆောင်လာပါမည် ဟု ကတိပြုအပ်ပါသည်။

-- - --

Media Contact

Daw Hnin Sein
Deputy Chief Executive Officer
Grand Guardian Life Insurance
Email : hninsein@ggipinsurance.com
Mobile : +95 95170763